# ကျွန်မ ပြောပြချင်သော အလီစာအုပ်လေး အကြောင်း

အလီ ဆိုတာဟာ တကယ်တော့ ဂဏန်းအစုလိုက်လေးတွေကို ပေါင်းသွားခြင်းပဲ။ ရိုးရိုး တစ်ခုချင်းကို ပေါင်းသွားတာကို ပေါင်းတာနဲ့ မတူဘဲ ဂဏန်းတွေကို အစုလိုက် ပေါင်းသွားတာကိုပဲ မြှောက်တယ်လို့လည်း ခေါ်ကြတာပါ။

နှစ်တစ်ခါပေါင်းရင် နှစ်၊ နှစ် နှစ်ခါပေါင်းရင် လေး၊ နှစ် သုံးခါပေါင်းရင် ခြောက် အဲဒီလိုပေါ့။ အဲဒီလိုပဲ သုံး တစ်ခါပေါင်းရင် သုံး၊ သုံး နှစ်ခါပေါင်းရင်ခြောက်၊ သုံး သုံးခါပေါင်းရင် ကိုး။ ဒါကိုပဲ နှစ်တစ်လီ နှစ်၊ နှစ် နှစ်လီ လေးလို့ ခေါ်တာပဲ။ နှစ်ကို လီလီပြီး ပေါင်းသွားတာ၊ သုံးကို လီလီပြီးပေါင်း(အစုလေးတွေ လုပ်ပြီး) ပေါင်းသွားတာလို့ ဆိုလိုတာပါပဲ။

ကျွန်မတို့ ငယ်ငယ်တုန်းက အလီ ဆိုတာကို အလွတ် ကျက် ခဲ့ရတယ်။ ဖောက်မေးရင်လည်း ရအောင်ကျက် ရတယ်။ ရှေ့ပြန်၊ နောက်ပြန် ရအောင် ကျက်ရတယ်။ အလီကို ကျက်သာကျက်ခဲ့ရပေမယ့် ကျွန်မတို့ဟာ အလီရဲ့ သဘောတရားကို နားမလည်ခဲ့ကြပါဘူး။ အလီ ဆိုတာဟာ အစုလိုက် စုထားတဲ့ အစု(SET) လေးတွေကို ပေါင်းခြင်းဆိုတာကို နားမလည်ခဲ့ဘူး။

အခု ကလေးတွေအတွက် အလီ သင်ပေးရတော့မယ် ဆိုတဲ့ အချိန်မှာ ကျွန်မဟာ ကလေးတွေကို အစုသဘောတရားကို နားလည်စေဖို့ ဆယ့်နှစ်လုံးအိမ်ဆိုတဲ့ ပုံပြင်လေးကို ရေးသားခဲ့ပါတယ်။ သူငယ်ချင်း နှစ်ဆယ့်လေးယောက်ဟာ သူတို့ အတူတူနေဖို့ အိမ်ကလေးကို လိုက်ရှာတဲ့ ပုံပြင်လေးပါ။ သူတို့ဟာ တစ်အိမ်မှာ လူနှစ်ယောက်ပဲ နေလို့ရတဲ့ အိမ်သေးသေးလေးတွေပဲရှိတဲ့ ရွာတစ်ရွာကို ရောက်သွားကြတယ် ဆိုတာလေးနဲ့ ပုံပြင်လေးကို ကလေးတို့ စိတ်ဝင်စားစရာ ကောင်းအောင် ပုံများများနဲ့ ရေးဖွဲ့ပြုစုထားပါတယ်။

ကလေးဟာ ပုံပြင်တစ်ပုဒ်လုံး ဆုံးသွားချိန်မှာတော့ အလီရဲ့သဘောကို ကောင်းကောင်းနားလည် သွားစေနိုင်ဖို့ အားထုတ်ထားပါတယ်။ နှစ်အလီကို သူ ကျက်စရာ မလိုတော့ဘဲ သိသွားမှာပါ။

အလီဟာ ဂဏန်းအစုလိုက်လေးတွေကို ပေါင်းခြင်းပဲ ဆိုတဲ့ အလီရဲ့ Concept ကို နားလည်သွားပြီးတဲ့အခါ မှာတော့ သုံးအလီ၊ လေးအလီ၊ ငါးအလီ စတဲ့ အလီလေးတွေကို ကလေးကိုယ်တိုင်နားလည်ပြီး လေ့ကျင့်လို့ ရစေဖို့ အလီစာအုပ်နောက်မှာ လေ့ကျင့်ခန်းလေးတွေကို ထည့်ပေးထားပါတယ်။

ကလေးဟာ အလီကို ကျက်စရာမလိုတော့ဘဲ ဆယ့်နှစ်အလီထိ အလီရဲ့ သဘောတရားကို နားလည်သိမြင်သွားစေဖို့ ဒီစာအုပ်ကို ရေးသားရခြင်း ဖြစ်ပါတယ်။

သင်ကြားရေးမှာ ကလေးနဲ့ပုံပြင်၊ ပုံပြင်နဲ့ကလေး ဆိုတာဟာခွဲမရနိုင်တဲ့ အရာပါ။ ကလေးတွေဟာ စာသာ မသင်ချင်ကြရင်ရှိမယ် ပုံပြင်နားမထောင်ချင်တဲ့ကလေးဆိုတာကတော့ မရှိသလောက် ရှားပါတယ်။ ဒါကြောင့် အလီကိုလည်း ပုံပြင်လေးလိုမျိုး ကလေးတို့ ဖတ်ချင်စဖွယ်ဖြစ်အောင်ဖန်တီးရေးသား ခဲ့တာပါ။ Enter-tainment နဲ့ Education ပေါင်းစပ်ထားတဲ့ Edutainment သဘောတရား လေးပေါ့။ အဓိက ကတော့ ဘယ်လိုပဲ အလီကိုတတ်သွားသွား ကလေးတို့ မပင်မပန်း အလွတ်မကျက်ရဘဲ တတ်သွားဖို့ ဆိုလိုရင်းပါပဲ။

ဒီစာအုပ်လေး ဖတ်ရင်း ကလေးတို့ မပင်မပန်းဘဲ အလွတ်မကျက်ရဘဲနဲ့ အလီရဲ့သဘောနဲ့ အလီကို အလွတ်ကျက်စရာ မလိုဘဲနဲ့ နားလည်သိမြင် တတ်မြောက်သွားခဲ့မယ်ဆိုရင် ကျွန်မလည်း ကျေနပ်ပျော်ရွှင် ရမှာပါပဲ။

မိဘ ဆရာများနဲ့အတူ ကလေးတို့ လွယ်ကူပျော်ရွှင်စွာ သင်ယူတတ်မြောက်နိုင်ကြပါစေ...

**ခေတ်ဘုန်းသစ်**